ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၂ /၂၀၁၅ )

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်

အကြောင်းအရာ။ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားမှု နောက်ကျခြင်းအတွက် သတ်မှတ်ထားသော ရက်လွန်ကြေးများအား ပယ်ဖျက်ခြင်း

၁။ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင် သက်တမ်းတိုးရက်လွန်ကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးများကို ၉-၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ကဉ - ၁၃ / ၆ / ၂၀၁၂ (၁၆) ဖြင့် ဌာနတွင်း ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ ဌာနတွင်း ညွှန်ကြားချက်တွင် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင် သက်တမ်းတိုးနောက်ကျခြင်းအတွက် ရက်လွန်ကြေးများအား အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ခဲ့ပါသည် -

(က) စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီး ပထမတစ်လအတွင်း လျှောက်ထားလျှင် — ကျပ် ၅၀၀၀ိ/-

(ခ) စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီး ဒုတိယတစ်လအတွင်း လျှောက်ထားလျှင် — ကျပ် ၁၀၀၀ိ/-

(ဂ) စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီး တတိယတစ်လအတွင်း လျှောက်ထားလျှင် — ကျပ် ၁၅၀၀ိ/-

(ဃ) စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီး ၃-လထက် ကျော်လွန်လျှောက်ထားလျှင် — ကျပ် ၃၀၀၀ိ/-

၃။ ယခုအခါ နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးမူဝါဒများနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်လွယ်ကူစေရန်နှင့် စီးပွားရေးအကျိုးဆောင်လုပ်ငန်းရှင်များ၏ ကုန်ကျစရိတ်များ လျော့နည်းသက်သာစေရန် အလို့ငှာ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားမှုနောက်ကျခြင်းအတွက် သတ်မှတ်ထားသော ရက်လွန်ကြေးကောက်ခံခြင်းအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပယ်ဖျက်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန